Nonetheless, insurgencies, ethnic conflicts and civil wars have been ongoing in Myanmar since then. Due to the instigation and support of foreign imperialists, the rebels are still bombing, mining, destroying, shooting, firing, and killing the people to this day. Is that all? So, I have to answer No.

The Bengali Mujahid rebels (Rohingya) from northern Rakhine and, Chinese people who want to destroy the land of Myanmar at the will of the British colonists, invaded into the country from abroad. KMT (Kuomintang), Chinese troops, fled from China into Myanmar territory after their defeat by the Chinese communists in the Chinese Civil War. The main reason for KMT was to use Myanmar as a refuge to equip themselves to launch an invasion to retake Mainland China.

They are armed with the help of American CIA - from weapons, military vehicles, and artillery to military transport aircraft. They had everything they needed for a war. Following their failed attempt to re-enter China, the KMT changed its policy to invade and occupy the whole Shan State of Myanmar. They intended to establish a small China country.

The British colonists intentionally brought Muslims Bengalis into Myanmar from the Southeast of India, East Pakistan and a region that would later become Bangladesh. As the British lost in World War II and had to flee on foot from Rakhine to India, they handed over the weapons to the illegal immigrants, Bengali (Rohingya) to make ethnic conflicts happen. These Bengali Muslims then killed 35,000 Rakhine ethnic people in World War II.

Later, the people of Myanmar condemned and held protests for Chinese troop's invasions and support of America to the Chinese. That's when the Myanmar government submitted a complaint to the United Nations to resolve the KMT troops' invasion problem. United Nations finally decided to withdraw the invading troops from Myanmar.

……………………………………………………………………….

**Link 18**

The article named as “People Including Monks Strongly Condemn Vandalism of Insurgents of Terrorists on Pagodas and Religious Buildings"

In some divisions and states, the ethnic armed forces against the military are intentionally making destructive acts to attack Buddhism. They took the position in sacred pagodas to Myanmar Buddhist people and other religious buildings as military bases, built military camps there, and willfully launched drone attacks and mortar attacks on pagodas.

On April 21, 2023, terrorists PDF took position in the monastery of Pazigyi Village, Kanbalu Township, Sagaing Region and dug trenches for military purposes and built defense camps. In addition, on June 15, a monk was injured when KKO (splinter group) and PDF terrorists fired heavy weapons targeting Zawtiyarma monastery in Kawkareik township. On July 2 2023, KNLA and PDF terrorists took a position at pagodas and religious buildings in Ukrita area and built trenches there for military purposes. On September 26 2023, KNPP and PDF terrorists destroyed the Catholic Church in Pan Tain Town in Kayah State by firing heavy weapons at it.

On December 4, 2023, MNDAA and combined terrorists launched a drone attack on the Standing Buddha Statue and Migata Maha Zedi in Muse, northern Shan State. On December 13, 2023, TNLA insurgents of terrorists fired heavy weapons at Zeya Thukha monastery in Pauk Titema ward of Nankham. On December 25 2023, AA insurgents of terrorists shelled Mrauk-U ancient cultural museum, destroying sheets of inscription. On January 8 2024, combined insurgents of terrorists including MNDAA destroyed a pagoda, which is sacred to locals and Buddhist people, located on hill point-2202 (Sin Oo Gin hill) to the north of Si Awl village in Laukkai Township, northern Shan State.

Since insurgents of terrorists are destroying pagodas and religious buildings, Buddhist people including monks cannot tolerate such acts of vandalism and condemn those acts at rallies in regions and states.




## ၁။ နိဒါန်း

**နိဒါန်း**

အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်နှင့် ၎င်းအားထောက်ခံသူများသည် တိုင်းရင်းသား လူမျိုးစုများနှင့် ဘာသာရေးအရ လူနည်းစုများကို ပစ်မှတ်ထားပြီး အမုန်းစကားများဖြန့် ဝေကာ အာဏာသိမ်းမှုကနေ အာရုံလွှဲရန်လည်းကောင်း၊ တော်လှန်ရေးလှုပ်ရှားသူများ အကြား သဘော ထားကွဲလွဲပြီး ခုခံတွန်းလှန်မှု အားယုတ်ချည့်နဲ့သွားစေရန်လည်းကောင်း ဆောင်ရွက်လာခဲ့သည်။ အာဏာသိမ်းစစ်တပ်သည် ၎င်း၏ အတွေးအခေါ်များကို အမုန်း စကားများဖြင့် ပုံဖော်ကာ ဝါဒဖြန့်လျက်ရှိသည်။ ထို့နောက် ၂၀၂၁ အာဏာသိမ်းမှုသည် ဖိနှိပ်ခံအုပ်စုများအပေါ် ထပ်လောင်း ညှဉ်းပန်းစေပြီး ဖယ်ကျဉ်ထားရန်နှင့် အကြမ်းဖက်မှု အား လှုံ့ဆော်ရန် စစ်အစိုးရကို တွန်းအားပေးလျက်ရှိသည်။

စစ်အစိုးရသည် တိုင်းပြည်အတွင်းရှိ လူ့အဖွဲ့အစည်းအတွင်း အကြောက်တရားနှင့် စိတ်ဝမ်းကွဲမှုကို မြှင့်တင်ရန် အမုန်းစကားများကို အသုံးပြုလျက်ရှိသည်။ လူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုများကို ပစ်မှတ်ထားခြင်းဖြင့် စစ်အစိုးရသည် ၎င်းတို့၏ အာဏာအား ဆက်လက်ထိန်းချုပ်ရန်နှင့် ဖိနှိပ်မှုများကို ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် အမုန်းစကားများကို ဖန်တီးရန် အစဉ်အမြဲကြိုးစားလျက်ရှိသည်။

စစ်အစိုးရနှင့် ၎င်း၏ ထောက်ခံသူများသည် အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာများတွင် တော်လှန်ရေး ဆောင်ရွက်နေသူများအကြားနှင့် ပြည်သူများမှ တော်လှန်ရေးအပေါ် အထင် အမြင်လွဲမှားစေရန် အမုန်းစကားများကို နည်းလမ်းအမျိုးမျိုးအသုံးပြုပြီး ဖြန့်ဝေနေကြသည်။

BHRN ၏ လစဉ် အမုန်းစကား အစီရင်ခံစာ ရည်ရွယ်ချက်မှာ အာဏာသိမ်းစစ်တပ်နှင့်

၎င်း၏ ထောက်ခံအားပေးသူများ ကျူးလွန်ဖြန့်ဝေနေသည့် ဆိုရှယ်မီဒီယာနှင့်ပုံနှိပ်မီဒီယာများမှ အမုန်းစကားများ၏ လားရာများကို အနီးကပ် စောင့်ကြည့်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းတို့ဖြစ် သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် BHRN သည် အမုန်းစကား ၁၀၈ ခုကို မှတ်တမ်းတင်ခဲ့သည်။

## ၂။ သုတေသနနည်းနာ

အမုန်းစကားသည် စိတ်ခံစားမှု အမုန်းတရားပေါ်မူတည်ပြီး ပေါ်ပေါက်လာသော စကားရပ်ဖြစ်သည့် အလျောက် အဓိပ္ပါယ်ဖွင့်ဆိုရန် ကျယ်ပြန့်ပြီး တိကျသော ဖွင့်ဆိုချက်ဟူ၍ မရှိပေ။ သို့ဖြစ်ရာ ယခုအစီရင်ခံစာ၏ရည်ရွယ်ချက်အတွက်အမုန်းစကားဖွင့်ဆိုချက်ကို BHRN မှ အောက်ပါအတိုင်း သတ်မှတ်ထားသည်။

အမုန်းစကားဟူသော စကားရပ်သည် တစ်စုံတစ်ဦး သို့မဟုတ် အုပ်စုတစ်စုကို ရည်ရွယ်၍ ၎င်းတို့ ထိန်းသိမ်းကာကွယ်ထားသည့် ကိုယ်ပိုင်ဝိသေသလက္ခဏာများကို ပြင်းထန်စွာ ဝေဖန်ခြင်း၊ ပြစ်တင်ခြင်း၊ မုန်းတီးခြင်း၊ ရန်လိုခြင်း၊ ခွဲခြားနှိမ့်ချ ဆက်ဆံမှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ စာဖြင့်ရေးသားခြင်း၊ အမူအယာဖြင့် ဖော်ပြခြင်း၊ အနုပညာဖြင့် သရုပ်ဖော်ခြင်းတို့ကို ဆိုလိုသည်။
လူသားတစ်ဦး၏ ကိုးကွယ်မှု၊ ဘာသာစကား၊ လိင်၊ လိင်စိတ်ခံယူမှု၊ နိုင်ငံသားဇာစ်မြစ်၊ တိုင်းရင်းသားဖြစ်မှု၊ အသားအရောင်၊ လူမျိုး၊ ယုံကြည်မှု၊ နိုင်ငံသားဖြစ်မှု၊ အသားအရောင်၊ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်များ စသည့် မွေးရာပါအခွင့်အရေးများကို ထိခိုက်ပြောဆိုခြင်းတို့ကိုဆိုလိုပါသည်။ တွေ့ရှိသည့် အမုန်းစကားများကို အောက်ပါအတိုင်း ပြန်လည်ခွဲခြားပါသည်။ အပြစ်သားများအဖြစ်ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ နိုင့်ထက်စီးနင်းပြောဆိုသည့် အမုန်းစကားများ၊ လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကားများ၊ ဆူပူအကြမ်းဖက်မှုကို အားပေးသည့် အမုန်းစကားများ၊ ခြိမ်းခြောက်မှုအဖြစ် ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ အကြမ်းဖက်မှုနှင့်အမုန်းစကားကြောင့် ကျူးလွန်သည့် လုပ်ရပ်များကို ဂုဏ်ယူစရာအဖြစ် ရေးသားသည့်အမုန်းစကားများ စသည်တို့ဖြင့် အမျိုးအစားခွဲခြားထားပါသည်။

BHRN သည် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အထွေထွေနိုင်ငံရေးအကြပ် အတည်းများပေါ်မူတည်ပြီး စစ်တပ်မှ ဝါဒဖြန့်သည့် သတင်းအကြောင်းအရာများတွင် ပါဝင်သည့် အမုန်းစကားအသုံးအနှုန်းများကို နေ့စဉ်လေ့လာစောင့်ကြည့် မှတ်တမ်းတင်ထားပါသည်။

အမုန်းစကားများ ဖြန့်ဝေရန်အတွက် စစ်အစိုးရနှင့် ထောက်ခံသူများ အသုံးပြုနေသည့် အွ

န်လိုင်းနှင့် ပုံနှိပ်မီဒီယာတို့ကို စောင့်ကြည့်ခြင်းဖြင့် ဤအစီရင်ခံစာကို စုစည်းထားပါသည်။

အထူးသဖြင့် BHRN သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း Facebook အဖွဲ့ ၉ ခု၊ Facebook အကောင့် ၁၄ ခု၊ Tiktok account ၁၈ ခု၊ Telegram Channels ၂၄ ခုနှင့် Printed Media ၄ ခုကို နေ့စဉ် စောင့်ကြည့်ခဲ့ပါသည်။

**စစ်ကောင်စီဝါဒဖြန့်မှု နည်းနာများ**

စစ်ကောင်စီသည် အမုန်းစကားများကို အသုံးချ၍ ဝါဒဖြန့်ခြင်းသည် ၎င်းတို့၏ ဝါဒဖြန့်မှုကို ထိထိရောက်ရောက် အသုံးပြုလျက်ရှိသည်။ ထိုဝါဒဖြန့်နည်းလမ်းများတွင် ထပ်ခါတလဲလဲပြောဆိုရေးသားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြိုးကိုင်ခြယ်လှယ်ခြင်း၊ လှည့်စားခြင်း နှင့် အချက်အလက်များကို ကောက်နှုတ်ရွေးချယ်တင်ပြခြင်းတို့ ပါဝင်သည်။ ထိုနည်းလမ်းများကို ကျင့်သုံးခြင်းဖြင့် အာဏာရှင်စစ်တပ်သည် ၎င်းတို့၏ အတွေးအခေါ်ကို မြှင့်တင်ပေးသည့် ဇာတ်ကြောင်းများကို ဖန်တီးကာ “တိုင်းပြည်အား ကာကွယ်ပေးနေသူများ အဖြစ်လည်းကောင်း၊ အမျိုးဘာသာ သာသနာအား စောင့်ရှောက်သူများအဖြစ် လည်းကောင်း ပုံဖော်ထားကြသည်။

အမုန်းစကားများကို အသုံးပြု၍ စိတ်အလိုမကျမှု၊ ဒေါသဖြစ်မှု၊ ကြောက်ရွံ့မှု သို့မဟုတ် နာကြည်းမှုကဲ့သို့သော ပြင်းထန်သော စိတ်ခံစားမှုများကို လှုံ့ဆော်ပေးသည့် ဝါဒဖြန့်ဖြန့်ကျက်မှုကို အသုံးပြုလျက်ရှိသည်။ စစ်အစိုးရသည် ပစ်မှတ်ထားသော နယ်မြေများ၊ အဖွဲ့အစည်းများနှင့် ပတ်သက်သည့် စွပ်စွဲထားသော ဖြစ်ရပ်များ သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုများကို ပုံဖျက်ထားသည့် ဖြစ်ရပ်များကို အဆိုပါ စိတ်ခံစားမှုများကို အသုံးချပြီး ပြည်သူများအကြားရောက်ရှိအောင် ဖြန့်ဝေသည့်နည်းကို အသုံးပြုသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပြည်သူများသည် တော်လှန်ရေးအပေါ် စိတ်လျော့ခြင်း၊ အချင်းချင်း စိတ်ဝမ်းကွဲမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

ထိုသို့ အချင်းချင်းအကြားစိတ်ဝမ်းကွဲမှုများဖြစ်ပေါ်သည့်အခါ လူ့အဖွဲ့အစည်းသည် စစ်တပ်၏ ဖိနှိပ်ချုပ်ချယ်သော မူဝါဒများကို အပြစ်တင်ခြင်း၊ မေးခွန်းထုတ်ခြင်းဘက်သို့ အာရုံမရတော့ပဲ လူ့အဖွဲ့အစည်းအကြား အချင်းချင်း မေးခွန်းထုတ်ခြင်း၊ စိတ်ပျက်မှုများ ဖြစ်ပေါ်ခြင်းနှင့် နာကြည်းမှုများဖြစ်ပေါ်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။

## ၃။ လူမှုကွန်ယက်များတွင် အမုန်းစကားတွေ့ရှိချက်များ

BHRN၏ ယခုလလေ့လာစောင့်ကြည့်မှုတွင် အမုန်းစကားအရေအတွက်( ၁၀၈ ) ခုကိုတွေ့ရှိခဲ့ပါ သည်။ Facebook Account များပျက်ပါက အကောင့်သစ်များဖွင့်ခြင်းနှင့် Telegram channel များကို ပြောင်းလဲအသုံးပြုလာကြသည်။ စစ်ကောင်စီသည် ၎င်းတို့၏ ဝါဒဖြန့်ဝေမှုအား Telegram channel များကို အဓိကထားအသုံးပြုပြီး အမုန်းစကားများကို ကာတွန်းများဖြင့် ဖော်ပြလာမှုကိုတွေ့ရှိလာရပါသည်။

**အမုန်းစကားဦးတည်ပစ်မှတ်များနှင့် အသုံးအနှုန်းများ**

ဒီဇင်ဘာလ လေ့လာစောင့်ကြည့်မှုတွင် တွေ့ရှိရသည့် အမုန်းစကားများ၏ ဦးတည်ပစ်မှတ်များမှ ယခုတွေ့ရှိမှုတွင် အမုန်းစကားဦးတည် တိုက်ခိုက်ခံရမှု အများဆုံးမှာ PDF များဖြစ်ပြီး ဒုတိယတိုက်ခိုက်မှုအများဆုံးမှာ AA ဖြစ်ပြီး တတိယ အများဆုံးမှာ NUG တို့ဖြစ်သည်။ ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများကို ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများကိုလည်း တွေ့ရှိရသည်။

ထို့ပြင် ယခုလတွင် အမုန်းကားများတွင် အသုံးအများဆုံးအသုံးအနှုန်းများမှာ ခွေး၊ ခဲဝါ(ရခိုင်ဒေသတွင် ခွေး,အ ကို ခေါ်ဝေါ်သည့်စကား) ၊ အကြမ်းဖက်၊ ဘင်လူမျိုး၊ ခိုးဝင်ဘင်္ဂါလီ၊ သားဖောက်ကောင်းသည့် ဘင်ဂါလီ၊ ကုလား၊ အစွန်းရောက်ခရစ်ယာန် စသည်တို့ ဖြစ်သည်။

**အစ္စလာမ်ဘာသာဝင်နှင့် ရိုဟင်ဂျာလူမျိုးများအပေါ် တိုက်ခိုက်သည့်အမုန်းစကားများ**

မြန်မာနိုင်ငံတွင် တိုင်းရင်းသား ၁၃၅ မျိုးသာရှိပြီး ရိုဟင်ဂျာလူမျိုးများကို ဘင်လူမျိုးဟု သုံးနှုန်းကာ မြန်မာ့သွေးကို အခြားသောလူမျိုးသွေးများဖြင့် ရောနှောဖို့ ကြိုးပမ်းအားထုတ်နေသည့် ပြည်ပတွင်း ပြည်ပက အမျိုးသားရေးသစ္စာဖောက်များ ပေါ်ပေါက်လာတာကိုတွေ့ရသည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများသည် ဗုဒ္ဓဘာသာကို အခြေခံပြီး ပေါ်ပေါက်လာသည့် ယဉ်ကျေးမှုဓလေ့ထုံး စာပေဘာသာစကားများနဲ့ ရောနှောဘို့ လူတန်းစားတရပ်က ကြိုးပမ်းနေသည်ကိုတွေ့ရှိရသည်။ ရိုဟင်ဂျာအမည်ကို အသိအမှတ်ပြုချင်းသည် မြန်မာ့ယဉ်ကျေးမှုအားဖျက်ဆီးခြင်း၊ ဗုဒ္ဓဘာသာအား ပျက်စီးအောင် ဆောင်ရွက်ခြင်းဖြစ်သည်ဟု အပြစ်သားအဖြစ်ရေးသားပုံဖော်သည့် အမုန်းစကားကို Yan Naing Magway မှ ရေးသားဖြန့်ဝေထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ရှိသည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေသည် ဗုဒ္ဓဘာသာကို အခြေမခံလျှင် မြန်မာ့ယဉ်ကျေးမှု မဟုတ်ဟု ပြောဆိုထားသည့် လူမျိုးကြီးဝါဒ ကိုဆက်လက်ဖော်ဆောင်သည့် အရေးသားများကိုလည်းရေးသားထားပါသည်။ မူရင်းပို့စ် Yan Naing Magway

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၄ရက် မနက် ၈နာရီတွင် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာတွင် တရားမဝင် ခိုးဝင်ဘင်္ဂါလီများဟုသုံးနှုန်းကာ ရိုဟင်ဂျာလူမျိုး ကျား(၅၉)ဦး မ(၅၈)ဦးတို့အား စစ်တပ်မှဖမ်းဆီးခဲ့သည်။ ရိုဟင်ဂျာများကို ခိုးဝင်ဘင်္ဂါလီများဟု သုံးနှုန်းကာ အပြစ်သားများအဖြစ် ပုံဖော်ရေးသားထားသည့် အမုန်းစကားကို မှိုင်းဝေ တယ်လီဂရမ် ချန်နယ်မှ ရေးသားဖော်ပြထားသည်။ မူရင်းပို့စ် မှိုင်းဝေချန်နယ်

ဗိုလ်ချုပ်ထွန်းမြတ်နိုင်ကိုယ်တိုင် လူသစ်ရဖို့ အတွက် ရိုဟင်ဂျာများနှင့် မျိုးဆက်နေတာ

ပါဟု အစ္စလာမ်ဘာသာဝင်တစ်ဦး၏ မင်္ဂလာဆောင်ဓာတ်ပုံကို ဖော်ပြကာ ရယ်ပ



လန်နဲ့ မုတ်ဆိတ်တွေကို အိုးပင်းတူ ဒလဟော ဟူသော စာဖြင့် ယှဉ်တွဲဖော်ပြထားသည်။ ထိုအမုန်းစကားတွင် ရိုဟင်ဂျာများကို သားဖော်ကောင်းတဲ့ ဘင်တွေဟု ရေးသားဖော်ပြထားသည့် အပြစ်သားအဖြစ်ပုံဖော်ထားသော အမုန်းစကားကို Ko Thet တယ်လီဂရမ် ချန်နယ်မှ ရေးသားဖြန့်ဝေထားသည်။ [မူရင်းပို့စ် Ko Thetတယ်လီဂရမ် ချန်နယ်]




## တိုင်းရင်းသားလက်နက်ကိုင်များအပေါ် ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ

### ၁။ မြောက်ပိုင်းအဖွဲ့များ၏စစ်တပ်အပေါ်ထိုးစစ်ဆင်မှုများနှင့်ပတ်သက်သည့် အမုန်းစကားများ

လောက်ကိုင်ကို MNDAAမှ သိမ်းပိုက်ပြီးနောက်ပိုင်းတွင် MNDAA သည် ဘုရားစေတီပုထိုးများကို ဖျက်ဆီးနေပြီး ဖျက်ဆီးနေမှုအားမရပ်ပါက ပြည်တွင်းတွင်ရှိနေသည့် ဘုံကျောင်းများကို လက်တုံ့ပြန်သွားမည်ဖြစ်ပြီး ပေကျင်းအနေနဲ့ ထိုကိစ္စရပ်များအား ရပ်တန့်ခြင်း မလုပ်ခိုင်းပါက မျိုးချစ်များအနေဖြင့် တရုတ်ဘုံကျောင်းများကို ဖျက်ဆီးသွားမည်ဟု မြောက်ပိုင်းတွင် စစ်တပ်အရှုံးနှင့်ရင်ဆိုင်နေရသည့် တော်လှန်ရေးတပ်ဖွဲ့များအား လူမျိုးရေးဘာသာရေး အတွက် စစ်တပ်ကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်းနှင့် ဗုဒ္ဓဘာသာကို ဖျက်ဆီးလိုသည့်အတွက်ကြောင့် တိုက်ခိုက်နေသည့်ပုံစံအဖြစ် အပြစ်သားအဖြစ်ပုံဖော်ထားခြင်းနှင့် ဆူပူအကြမ်းဖက်မှုကို ဖြစ်ပေါ်စေရန် လှုံ့ဆော်သည့် အမုန်းစကားများကို ကြီးအာပလာ facebook အကောင့်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ် ကြီးအာပလာအကောင့်]

ထို့ပြင် MNDAA အဖွဲ့ဝင်တဦးမှ စေတီတဆူအား ဖျက်ဆီးနေသည့်ဗီဒီယို နှင့် ယှဉ်တွဲပြီး ကိုးကန့်အဖွဲ့များအနေဖြင့် ဗုဒ္ဓဘာသာ ဘုရားစေတီကို ဖျက်ဆီးတာကို မတားဆီးပါက မြန်မာနိုင်ငံတွင်းရှိ တရုတ်ဘုံကျောင်းများကို လက်တုန့်ပြန်မည်ဖြစ်ပြီး တရုတ်ဘုံ ကျောင်းစာရင်းများကို ပြုစုပေးဖို့ လှုံ့ဆော်ရေးသားထားမှုကို Death of NUG တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားပါသည်။




[မူရင်းပို့စ် Death of NUG တယ်လီဂရမ် ချန်နယ်]




မြောက်ပိုင်းအဖွဲ့များနှင့် အာဏာသိမ်းစစ်တပ် ထိတွေ့မှုများတွင် စစ်တပ်မှ အရှုံးများနှင့် ရင်ဆိုင်ရချိန်တွင် မြောက်ပိုင်းအဖွဲ့များနှင့် ကိုးကန့်အဖွဲ့များကို စစ်တပ်မှ ချေမှုန်းဖို့လာပြီဟု စစ်တပ်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကို အားပေးသည့် AI ပုံများဖြင့် ဝါဒဖြန့်ထားပါသည်။ ထိုဝါဒဖြန့်မှုတွင် မြောက်ပိုင်းအဖွဲ့များကို မျောက်တွေဟုလည်းကောင်း၊ ကိုးကန့်အဖွဲ့ကို ခွေးဟုလည်းကောင်း လူအဖြစ်မှ နှိမ့်ချသည့် အမုန်းစကားများကို Kyaw Swar တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ်](#) [Kyaw Swar တယ်လီဂရမ်ချန်နယ်](#)

မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) သည် လောက်ကိုင်မြို့ အပါအဝင် ကိုးကန့်ဒေသ တခုလုံးကို သိမ်းပိုက်နိုင်ပြီးချိန်တွင် စစ်တပ်ထောက်ခံသည့် အမျိုးသားရေးအစွန်းရောက် လှုပ်ရှားသူများသည် ဆန္ဒပြပွဲများပြုလုပ်ပြီး မြန်မာ့မြေပေါ်မှ ရအောင်မောင်းထုတ်မယ်။ လေကြောင်းဖြင့် ကိုးကန့်ဒေသကို တိုက်ခိုက်ရန်လှုံ့ဆော်သည့် ဝါဒဖြန့်မှုတွင် ကိုးကန့်အဖွဲ့များကို ခွေးဖြင့် ခိုင်းနှိုင်းကာလူအဖြစ်မှ နှိမ့်ချသည့် အမုန်းစကားကို Kyaw Swar တယ်လီဂရမ် ချန်နယ်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ်](#) [Kyaw Swar တယ်လီဂရမ်ချန်နယ်](#)

**၂။ AA အား ခဲဝါ (ခွေးအ၊ တောခွေး) နှင့် ခိုင်းနှိုင်းကာရေးသားထားသည့် အမုန်းစကားများ**

ဗိုလ်ချုပ်ထွန်းမြတ်နိုင်အား ဘိန်းရာဇာ ဟု စွပ်စွဲပြောဆိုပြီး AAအဖွဲ့သည် ကျောက်တော်အခြေစိုက် တပ်မဗျူဟာ ကုန်းကို သိမ်းပိုက်နိုင်သည်မှာမဟုတ်ကြောင်းနှင့် စခန်းအခြေတွင် AA ခဲဝါ အလောင်းများ ပုံနေပြီး ဆွဲတောင်မဆွဲနိုင်ဘူးဟု ရေးသားထားပါသည်။ ခဲဝါသည် ရခိုင်ပြည်နယ်တွင် ခွေးအ များကို ခေါ်ဝေါ်သော အသုံးအနှုန်းဖြစ်ပြီး AA တပ်ဖွဲ့ဝင်များအား ခဲဝါ (ခွေးအ) အဖြစ်



ပုံဖော်ရေးသားထားပြီး လူအဖြစ်မှ နှိမ့်ချထားသည့် အမုန်းစကားကို Western 24 News မှ ဖော်ပြထားပါသည်။ [မှုရင်းပို့စ်](#) [Western 24 News](#)




၁၀၂၇စစ်ဆင်ရေးတွင် စစ်တပ်မှ လက်လွှတ်လိုက်ရသည့် ကိုးကန့် နေရာများသည် ထွက်ပေါက်ပိတ် ဒေသများဖြစ်သဖြင့် ပြဿနာမရှိပေမယ့် AA တိုက်ခိုက်နေသည့် ရခိုင်ဒေသသည် ပင်လယ်ထွက်ပေါက်ဖြစ်သည့်အတွက် မြန်မာနိုင်ငံလုံခြုံရေး အရ ပင်လယ်ထွက်ပေါက်ပေးလို့မရသဖြင့် ရေတပ်မှ ဝင်ရောက်တိုက်ခိုက်ရန် လှုံ့ဆော်ထားပြီး ရခိုင်လူမျိုးများအနေဖြင့်လည်း ခဲဝါဓာတ်ခဲအား ကြောက်သဖြင့် အောက်ပြည်သို့ ပြေးလာနေကြပြီဟု ရေးသားမှုတွင် AA အဖွဲ့အား ဓာတ်ခဲဟုလည်းကောင်း ခဲဝါ (ခွေးအ၊ တောခွေး)အဖြစ်လည်းကောင်း ခိုင်းနှိုင်းရေးသားထားပြီး လူအဖြစ်မှ နှိမ့်ချသည့်အမုန်းစကားကို Bohtee Ttn အကောင့်မှ ရေးသားဖော်ပြထားသည်။ [မှုရင်းပို့စ်](#) [Bohtee Ttn](#) AA အဖွဲ့သည် ပြည်သူများကို ရန်ရှာနေပြီး မူးယစ်ဆေးဝါးရောင်းချနေမှုတို့ကို ဆောင်ရွက်နေမှုကို AA ခေါင်းဆောင်များက ငြင်းနေဆန်နေမှုကြောင့် ပြည်သူများက စိတ်ပျက်နေရကြောင်းကို AA အဖွဲ့အား ခဲဝါ(တောခွေး၊ခွေးအ) အဖြစ် ခိုင်းနှိုင်းထားပြီး လူအဖြစ်မှ နှိမ့်ချထားသည့် အမုန်းစကားကို Fight Say ကောင့်မှ ရေးသားဖော်ပြထားသည်။ [မှုရင်းပို့စ်](#) [Fight Say](#) **အမျိုးသမီးများအပေါ် ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများ**

နွေဦးတော်လှန်ရေးတွင် လိင်အကြမ်းဖက်ခံရသူ တော်လှန်ရေးအမျိုးသမီးများ ရှိနေကြောင်း Mizzma သတင်းဌာနမှ ဖော်ပြမှုအား စစ်တပ်ဝါဒဖြန့်သူများမှ တော်လှန်ရေးတွင် ပါဝင်နေသည့် အမျိုးသမီးများသည် ၂၁ ရာစု၏ လိင်ကျွန်များ ဖြစ်နေပြီး ဆန္ဒပြရာမှ တစ်ဆင့် မိန်းမပျက်များဖြစ်ကြောင်း အမျိုးသမီးများအား နိုင့်ထက်စီးနင်းရေးသားထား

သည့် အမုန်းစကားကိုBanyunt တယ်လီဂရမ်ချန်နယ် မှ ရေးသားဖော်ပြထားပါသည်။ [မှုရင်းပို့စ်](#) [Banyunt တယ်လီဂရမ်ချန်နယ်](#)




ရသေ့တောင်တွင် AA စစ်မေများစီးလာသည့် လှေ ၃စီးအား စစ်ကောင်စီမှ လေကြောင်းဖြင့် တိုက်ခိုက်ခံမှုကြောင့် အသေများသည်ဟု စီကောင်စီဝါဒ ဖြန့်မှု




ဟစ်ခုံအား AA အဖွဲ့ဝင်များအနေဖြင့် ဆေးချပြီး အသုံးတော်ခံသည့် လိင်အပျော်မယ်များ ငါးစာဖြစ်ကုန်ပြီဟု အမျိုးသမီးများကို လိင်အပျော်မယ်ဟု နိုင့်ထက်စီးနင်း ရေးသားထားသည့် အမုန်းစကားကို စစ်သွေး တယ်လီဂရမ်ချန်နယ် မှဖော်ပြထား ပါသည်။ မူရင်းပို့စ် စစ်သွေးတယ်လီဂရမ်ချန်နယ်

**ကာတွန်းဖြင့်ဖော်ပြသော အမုန်းစကားများ**

NUG သည် သူတို့၏ နေစရိတ်၊ စားစရိတ်များကို နုတ်ပြီး ကျန်တာကိုမှ PDF နှင့် CDM များကို ပေးကျွေးတာဖြစ်ကြောင်းကို သူခိုးပုံစံ လူတစ်ဦးမှ ခွေးများကို အရိုးကျွေးနေသည့် ကာတွန်းတွင် ခွေးများအား PDF, CDM ဟု ရေးသားထားသည့် ကာတွန်းအား စစ်သွေး တယ်လီဂရမ် ချန်နယ်မှ ဖော်ပြထားသည်။ ထိုကာတွန်းတွင် NUG အား သူခိုးဟူ၍ နိုင့်ထက်စီးနင်းပုံ ဖော်ရေးသားထားခြင်းနှင့် PDF , CDM များကို ခွေးနှင့်ခိုင်းနှိုင်းကာ လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် ပုံဖော်ကာ ရေးသားဖော်ပြထားပါသည်။ မူရင်းပို့စ် စစ်သွေး တယ်လီဂရမ်ချန်နယ်




PDF အဖွဲ့နှင့် BPLA အဖွဲ့များသည် မြောက်ပိုင်းမဟာမိတ် ၃ ဖွဲ့၏ နဖားကြိုးထိုးခိုင်းခံနေရပြီး သာသနာဖျက်ဆီးခံနေရတာတောင် အောင်ပွဲထင်နေကြသည်ဟု မြောက်ပိုင်းမဟာမိတ်

၃ဖွဲ့ကို မျောက် ၃ကောင်ဖြင့် ပုံဖော်ပြီး ဘုရားစေတီအား ဖျက်ဆီးနေခြင်းနှင့် BPLA အား နွားဖြင့်ပုံဖော်ကာ မျောက်တကောင်မှ စီးနေသည့် ကာတွန်းအား မဟူရာမြွေဟောက် တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားပါသည်။ ထိုကာတွန်းတွင် မြောက်ပိုင်းမဟာမိတ် ၃ဖွဲ့အား မျောက်အဖြစ်ဖော်ပြကာ ဘုရားတဆူအားဖျက်နေသည့်ပုံရေးဆွဲထားပြီး BPLA အားနွားဖြင့် ခိုင်းနှိုင်းထားသော လူအဖြစ်မှ နှိမ့်ချသည့် ပုံဖြင့် ပုံဖော်ထားပြီး ဗုဒ္ဓဘာသာအား ဖျက်ဆီးနေသည့် အဖြစ်သားများဖြစ် ပုံဖော်ထားပါသည်။ မူရင်းပို့စ် မဟူရာမြွေဟောက် တယ်လီဂရမ်ချန်နယ်

## ၄။ ပုံနှိပ်မီဒီယာမှဖော်ပြသည့် အမုန်းစကားများ

## ၁။ ရိုဟင်ဂျာများနှင့်ပတ်သက်သည့်အမုန်းစကားများ

ရိုဟင်ဂျာလူမျိုးနာမည်သည် နိုင်ငံရေးအရ လူမျိုးသစ်တခုအဖြစ် ဖန်တီးဖို့ တီထွင်လာခဲ့တယ့် နာမည်တစ်ခုဖြစ်သာဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအရ လူမျိုးသစ်တခုဖန်တီးဖို့ တီထွင်လာခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဘင်္ဂါလီများသည် ကိုယ်ပိုင်နယ်မြေရရှိရေးအတွက် အရှေ့ပါကစ္စတန်နှင့် ပေါင်းဖို့၊ သီးခြားနိုင်ငံထူထောင်ဖို့ စသည့် ရည်ရွယ်ချက်များဖြင့် ရိုဟင်ဂျာအမည်ကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ အရှေ့ပါကစ္စတန်နိုင်ငံတွင် ဘူးသီးတောင်နှင့် မောင်တော ဒေသကို ထည့်သွင်းပူးပေါင်းဖို့ မူဂျာဟစ် လှုပ်ရှားမှုကို စတင်လုပ်ဆောင်ပုန်ကန်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တစ်ဖက်နိုင်ငံက ဘင်္ဂါလီများသည် စစ်ဘေးဒဏ်၊ သဘာဝဒဏ် များကြောင့် ရခိုင်ပြည်နယ်ဒေသ အတွင်းကိုခိုးဝင်လာကြသည်။ ၂၀၁၆ ခုနှစ်တွင် ARSA အကြမ်းဖက်သမားများ တိုက်ခိုက်မှုနောက်ပိုင်းတွင် နိုင်ငံတကာ မီဒီယာများက ချဲ့ကားမှုကြောင့် စစ်တပ်မှ နှိပ်စက်လို့၊ လူမျိုးတုန်သတ်ဖြတ် လို့ ထွက်ပြေးလာရတဲ့ ရိုဟင်ဂျာများဖြစ် ဇာတ်နာအောင်ဖန်တီးထားခြင်းဖြစ်သည်ဟု ရိုဟင်ဂျာများအား ခိုးဝင်များအဖြစ်လည်းကောင်း၊ အကြမ်းဖက်များအဖြစ်လည်းကောင်း၊ တိုင်းပြည်ပြိုကွဲအောင် ဆောင်ရွက်သူများအဖြစ်လည်း ကောင်း၊ အပြစ်သားများအဖြစ် ပုံဖော်ရေးသားထားသည့် အမုန်းစကားကို ဇန်နဝါရီလ ၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဇာနည်ဘွားရေးသားထားသည့် အာချေးရောက် ဘင်္ဂါလီအမှုကို ရှာလာပတ်တဲ့ အင်ဒိုနီးရှား ခေါင်းစဉ်ဖြင့် ဆောင်းပါးကို ထည့်သွင်းဖော်ပြထားသည်။ [အာချေးရောက် ဘင်္ဂါလီအမှုကို ရှာလာပတ်တဲ့ အင်ဒိုနီးရှား]

နယ်ချဲ့အင်္ဂလိပ်တို့က ရည်ရွယ်ချက်ရှိရှိ အိန္ဒိယအရှေ့တောင်ဖျားမှ ဘင်္ဂလားနယ်၊ နောင်ခွဲထွက် ပါကစ္စတန် မွတ်စလင်နိုင်ငံ၏ အရှေ့ဘက်အခြမ်း အရှေ့ ပါကစ္စတန် နောင် ဘင်္ဂါလားဒေ့ရှ်နိုင်ငံဖြစ်လာမည့် ဒေသမှ မွတ်စလင်များကို မြန်မာပြည်သို့ ခေါ်သွင်းခဲ့သည်။ အင်္ဂလိပ်တို့သည် ဒုတိယ ကမ္ဘာစစ်တွင် စစ်ရှုံးသဖြင့် ရခိုင်မှ အန္ဒိယသို့ ခြေလျင်ထွက်ပြေးရမည်ဖြစ်သဖြင့် လက်နက်များကို ခိုးဝင်ကျူးကျော် ဘင်္ဂါလီ မွတ်စလင်များကို

တပ်ဆင်ပေးခဲ့ပြီး ယင်းမွတ်စလင်များသည် ရခိုင်တိုင်းရင်းသား သုံးသောင်းခွဲကို သတ်ပစ်ခဲ့သည်ဟု တက္ကသိုလ်မြတ်သူ ရေးသည့် သမိုင်းမှန်ကို ပြောမည့် သတင်းမှန်သမား (၈၉) ဆောင်းပါးတွင် ထည့်သွင်းဖော်ပြထားသည်။


Bullet News Journal
ဆောင်းပါး
Vol(5), No(45) 9
သမိုင်းမှန်ကိုပြောမည့် သတင်းမှန်သမား (၈၉)
တက္ကသိုလ်မြတ်သူ
ဒုတိယကမ္ဘာစစ်အတွင်း ယင်းဘင်္ဂါလီ မွတ်ဆလင်များက ရခိုင်တိုင်းရင်းသား သုံးသောင်းခွဲကို ပစ်သတ်ခဲ့သည်…


ထိုဆောင်းပါးတွင် ရိုဟင်ဂျာများသည် မြန်မာပြည်၏ ဌာနေ တိုင်းရင်းသားများ မဟုတ်ပဲ အင်္ဂလိပ်ခေါ်သွင်းသည့် ခိုးဝင်များဖြစ်ကြောင်းနှင့် တိုင်းပြည် ပြိုကွဲရန် လွတ်လပ်ရေး မရခင်တည်းက ကြိုးပမ်းနေကြောင်း အပြစ်သားအဖြစ် ပုံဖော်ရေးသားထား မှုကို ထည့်သွင်း



ဖော်ပြထားသည်။ (Bullet News Journal၊ Vol(5), No (45)၊ စာမျက်နှာ-၃၁) [သမိုင်းမှန်ကိုပြောမည့် သတင်းသမား]

**၂။ စစ်တပ်ကိုတော်လှန်နေသည့် လက်နက်ကိုင်အဖွဲ့များသည် ဗုဒ္ဓဘာသာအား ဦးတည်တိုက်ခိုက်နေသည်ဟု ပုံဖော်ရေးသားထားသည့် အမုန်းစကားများ**

စစ်တပ်ကို ဆန့်ကျင်နေသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံသားများ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများအတွင်းသို့ ဝင်ရောက်နေရာ ယူပြီး စစ်စခန်းများတည်ဆောက်ခြင်း၊ Drop Boomb များဖြင့် တိုက်ခိုက်ဖျက်ဆီးခြင်းများကို ပြုလုပ်လာကြသည်ကို ကြည့်ခြင်းဖြင့် ဗုဒ္ဓဘာသာကို ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဧပြီ ၂၁ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမား များက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်းသို့ ဝင်ရောက်နေရာယူပြီးဆက်သွယ်ရေးမြောင်းများတူကာ ခံစစ်ခန်းများပြုလုပ်မှုများဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကော့ကရိတ်မြို့ ဇောတိရာမ ပင်မကျောင်းအား KKO (ခွဲထွက်) အဖွဲ့နှင့် PDF များမှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ဆရာတော်တစ်ပါး ထိခိုက်ဒဏ်ရာရခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ရက်တွင် MNDAA ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ရှိ ရပ်တော်မူဘုရားနှင့် မိဂဒါမဟာ စေတီကို Drone များအသုံးပြုပြီး ဖျက်ဆီးခဲ့သည်။ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် TNLA အကြမ်းဖက်သောင်းကျန်းသူများက နမ့်ခမ်းမြို့ ပေါက်တိုက်မရပ်ကွက်ရှိ ဇေယျာသုခဘုန်းတော်ကြီးကျောင်းကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်ဟု လက်နက်ကိုင်တော်လှန်ရေးတွင် ပါဝင်နေသည့် လက်နက်ကိုင်အဖွဲ့များသည် ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများ ကိုဖျက်ဆီးနေကြောင်း အပြစ်သားများအဖြစ် ပုံဖော်သည့် အမုန်းစကားများကို ထည့်သွင်းထားသည့် သတင်းစဉ်ကို အကြမ်းဖက်သောင်းကျန်းသူများအနေ ဖြင့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိ ခေါင်းစဉ်ဖြင့် ဇန်နဝါရီလ ၁၃ရက်ထုတ် ကြေးမုံသတင်းစာ ပြည်တွင်းရေးရာ အခန်းကဏ္ဍတွင် ဖော်ပြထားသည်။ (ကြေးမုံ ၊ စာမျက်နှာ ၁၄၊ ပြည်တွင်းရေးရာ) [အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိ]









၅။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ



## ၆။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ




## ၇။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ




## ၈။ နိဂုံး

ယခုလတွင် စစ်တပ်၏ ဝါဒဖြန့်မှုများသည် ဘာသာရေးနှင့် လူမျိုးကြီးဝါဒကို ကိုင်စွဲခြင်း အား ဝါဒဖြန့်လာမှုကိုတွေ့ရှိရသည်။ ရိုဟင်ဂျာအမည်အသုံးပြုခြင်းသည် မြန်မာ့ယဉ်ကျေးမှုကို ဖျက်ဆီးခြင်းဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာကို အခြေခံသည့် ယဉ်ကျေးမှုသာ ဖြစ်ကြောင်းကို အသားပေးရေးသားလာကြသည်။ ထို့ပြင် စစ်တပ်မှ စစ်ရှုံးသည့် နယ်မြေများအား လေယာဉ်ဖြင့် တိုက်ခိုက်ရန် လှုံ့ဆော်ထားပြီး ထိုဒေသမှ ဌာနေတိုင်းရင်းသားများကို မြန်မာနိုင်ငံ မြေပုံမှ အပြီးတိုင်ပျောက်သည်အထိ လေယာဉ်ဖြင့်တိုက်ခိုက်ရန် လှုံ့ဆော်မှုများကို တွေ့လာရသည်။ ထို့ပြင် တော်လှန်ရေးတွင်ပါဝင်သည့် လက်နက်ကိုင်အဖွဲ့အသီးသီးမှ အမျိုးသမီးများအား လိင်အပျော်မယ်များအဖြစ် ပုံဖော်ရေးသားမှုများကိုလည်းတွေ့ရှိရသည်။ ယခုလ ဝါဒဖြန့်မှုအများဆုံးမှာ လက်နက်ကိုင်တော်လှန်ရေး လုပ်ဆောင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဗုဒ္ဓဘာသာအား ရည်ရွယ်ချက်ရှိစွာ ဦးတည်တိုက်ခိုက်သူများအဖြစ် ပုံဖော်ရေးသားမှုများကို တွေ့ရှိရပါသည်။

## Background on the Burma Human Rights Network (BHRN)

Burma Human Rights Network (BHRN) is based in London, operates across Burma/Myanmar and works for human rights, minority rights and religious freedom in Burma. BHRN has played a crucial role in advocating for human rights and religious freedom with politicians and world leaders.

## Media Enquiries

Please contact:


Kyaw Win,
Executive Director
Burma Human Rights Network (BHRN)
E: kyawwin@bhrn.org.uk
T: +44(0) 740 345 2378



Learn More

[Burma Human Rights Network] | [Phone] | [E-mail] | [Website]

Connect with us

Burma Human Rights Network (BHRN) | Walthamstow , London, LONDON E17 United Kingdom

Unsubscribe kyawwin78@gmail.com

Update Profile | Constant Contact Data Notice

Sent by kyawwin@bhrn.org.uk powered by

Constant Contact

Try email marketing for free today!